PARKVIEW HEALTH LABORATORIES

လူနာအတွက် မစင်နမူနာရယူရန်
ညွှန်ကြားချက်များ

# အူလမ်းကြောင်းတွင် ရောင်ရမ်းမှု (Calprotectin)၊ ပန်ကရိယအင်ဇိုင်း ထုတ်လုပ်မှု (Pancreatic Elastase)၊ *အစာအိမ်ပိုး* (Helicobacter pylori) ပဋိဇာတ် စစ်ဆေးမှုများပြုလုပ်ရန်

1. လက်ဆေးပါ။ လက်ကို ရေစွတ်ပြီး ဆပ်ပြာတိုက်ပါ။ အနည်းဆုံး စက္ကန့် ၂၀ ကြာ လက်နှစ်ဖက်ကို သေချာပွတ်တိုက်ဆေးကြောပြီး ရေဆေးချပါ။ ထို့နောက် လက်ကိုအခြောက်ခံပါ။
2. သင်လိုအပ်သည့် ပစ္စည်းများကို စုဆောင်ထားပါ။ ၎င်းတို့ကို ရေချိုးခန်းထဲတွင် အလွယ်တကူ လက်လှမ်းမီနိုင်သည့်နေရာ၌ ထားရှိပါ။
3. အိမ်သာခွက်တွင် ထိုင်သည့်အနားသတ်နေရာကို အပေါ်သို့လှန်တင်ပါ။ နမူနာထည့်သည့် ဦးထုပ်ပုံခွက် (Collection Hat) ကို အိမ်သာခွက်တစ်လျှောက် ချိန်ညှိ၍ထည့်ပါ။ ထို့နောက် ဦးထုပ်ပုံခွက်ကို နေရာတကျမြဲနေစေရန် ထိုင်သည့်အနားသတ်နေရာကို ပြန်ပိတ်ပါ။ ဦးထုပ်ပုံခွက်ထဲတွင် မစင်နမူနာထည့်မည့် ပလတ်စတစ်ဘူးကို ထည့်ပါ။
4. အိမ်သာတွင်ထိုင်၍ ပုံမှန်အတိုင်း ဝမ်းသွားပါ (အလေးသွားပါ)။ အလေးသွားထားသည့် မစင်အတွင်းသို့ သို့မဟုတ် ဦးထုပ်ပုံခွက်အတွင်းသို့ ဆီးစွန့်ခြင်း (ဆီးသွားခြင်း) မပြုပါနှင့်။

   မှတ်ချက်- မစင်ကို ဒိုင်ပါမှတစ်ဆင့် ပလတ်စတစ်ထုပ် အသုံးပြု၍လည်း ရယူနိုင်ပါသည်။ လူနာ ဝမ်းမသွားမချင်း ပလတ်စတစ်ထုပ်ကို ဒိုင်ပါအတွင်းတွင် ထည့်သွင်းထားပါ။ ဝမ်းသွားပြီးပါက မစင်နမူနာပါရှိသော ပလတ်စတစ်ထုပ်ကိုယူပြီး နမူနာထည့်သည့် ပလတ်စတစ်ဘူးထဲသို့ အထုပ်ကိုပါတစ်ပါတည်း ထည့်ပါ။

5. နမူနာထည့်သည့် ပလတ်စတစ်ဘူးကို ဦးထုပ်ပုံခွက်ထဲက ထုတ်ပြီး အဖုံးလုံအောင်ပိတ်ပါ။
6. ဦးထုပ်ပုံခွက်ကို စွန့်ပစ်ပါ။
7. လက်ဆေးပါ။ လက်ကို ရေစွတ်ပြီး ဆပ်ပြာတိုက်ပါ။ အနည်းဆုံး စက္ကန့် ၂၀ ကြာ လက်နှစ်ဖက်ကို သေချာပွတ်တိုက်ဆေးကြောပြီး ရေဆေးချပါ။ ထို့နောက် လက်ကိုအခြောက်ခံပါ။
8. နမူနာထည့်သည့် ပလတ်စတစ်ဘူးပေါ်တွင် သင့်တရားဝင်အမည်အပြည့်အစုံ၊ မွေးသက္ကရာဇ်၊ နမူနာရယူသည့်ရက်စွဲနှင့် နမူနာရယူသည့်အချိန်တို့ကို ရေးသွင်းပါ။

9. နမူနာကို ဓာတ်ခွဲခန်းသို့ အမြန်ဆုံးပို့ဆောင်ပေးရမည်ဖြစ်သည်။ နမူနာပြန်ပို့ရာတွင် နှောင့်နှေးမှုရှိပါက ရေခဲသေတ္တာထဲတွင် ထည့်သွင်းသိမ်းဆည်းထားရမည်။ နမူနာကိုရယူပြီး ၂ ရက်အတွင်း ဓာတ်ခွဲခန်းသို့ ပို့ဆောင်ပေးရမည်။

မေးခွန်းများ သို့မဟုတ် စိုးရိမ်ပူပန်စရာများရှိပါက သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံ ဆက်သွယ်ပါ။